# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး

# ဒုတိယနေ့မှတ်တမ်း

၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်

( ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် )

[ သောကြာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော် ၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ဒုတိယနေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၂၂)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၉)ဦး တက်ရောက် ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေ စုစုပေါင်း၏ (၉၄.၁၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ (က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များ ထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ
## ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ခွင့်အစီအစဉ် ဖြစ်ပါတယ်။ အချိန်ကို ငဲ့ညှာတဲ့အနေနဲ့ ဇယားနဲ့ ဖတ်ကြားပြပါမယ်။ ဦးတင်ယု၊ အဒေါ်၏ နာရေးကိစ္စဆောင်ရွက်ရန်၊ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ အမျိုးသားအဆင့် သတ္တုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲသို့တက်ရန်၊ ဦးလှဆွေ၊ မကွေး(၁၂)၊ အမျိုးသားအဆင့် သတ္တုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲသို့တက်ရန်၊ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိသဖြင့်၊ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကျန်းမာရေးအခြေအနေကြောင့် အစည်းအဝေး ပြီးဆုံးသည် အထိ၊ ဗိုလ်မှူးနေလင်းအောင်၊ တပ်မတော် အရေးကြီးတာဝန်ရှိပါသဖြင့်၊

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ပတ်သက်ပြီး ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု
## အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၂၂၂)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ( ၆ )ဦးဖြစ်၍ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ( ၁၃)ဦး ဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ်(၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၅)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ ထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ် (၄)ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ပညာရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့်မေးခွန်းတွေ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်တွေက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တိုက်ကြီးမြို့နယ်အတွင်းရှိ ဆောက်ဝိုင်းကြီးကျေးရွာ၊ ဂျိုးဖြူစံပြကျေးရွာ၊ သစ်ခေါင်းကြီး ကျေးရွာများရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များကို အခြေခံ ပညာအလယ်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့်ပေးရန် နှင့် အခြေခံပညာမူလတန်းကျောင်း(၅၁)ကျောင်းကို တိုးချဲ့ ပြင်ဆင်၊ အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် က တိုက်ကြီးမြို့နယ်အတွင်းရှိ ဆောက်ဝိုင်းကြီးကျေးရွာ၊ ဂျိုးဖြူစံပြကျေးရွာ၊ သစ်ခေါင်းကြီးကျေးရွာများရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် နှင့် အခြေခံပညာမူလတန်းကျောင်း(၅၁) ကျောင်းကို တိုးချဲ့ ပြင်ဆင်၊ အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား စာဖြင့်ဖတ်ကြား မေးမြန်းခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ တိုက်ကြီးမြို့နယ်အတွင်းသို့ ကွင်းဆင်းခဲ့စဉ်က ပညာရေးလုပ်ငန်းများနှင့်ပတ်သက်တဲ့ ကျောင်းသားဦးရေ တိုးပွားလာမှုအရလည်းကောင်း၊ သွားလာရန် ခရီးလမ်းပန်းဆက်သွယ်ရေး အခက်အခဲများအရလည်းကောင်း၊ ကျေးလက်နေပြည်သူများ ပညာတတ်မြောက်မှုကွာဟချက် မဖြစ်ပေါ်စေရေးအတွက်လည်းကောင်း၊ ကျေးလက်နေ ရပ်မိရပ်ဖများသည် မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်အားကိုယ်ကိုးနည်းလမ်းများဖြင့် အောက်ဖော်ပြပါ ကျောင်းများအား အ.မ.က မှ မူလွန်၊ မူလွန်မှ လ(ခွဲ)၊ လ(ခွဲ)မှ တစ်ဆင့် အ.ထ.က အဆင့်သို့ ရရှိရေးကို လိုအပ်သော ထောက်ပံ့မှုများနှင့် ဆောင်ရွက်လျက်ရှိသော

ကတိုင်စိန်အုပ်စုအပိုင် ဆောက်ဝိုင်းကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ယခုနှစ်ကျောင်းသားဦးရေ (၄၅၀)ဦးမှ (၅၃၀)ဦးထိလည်းကောင်း၊ ဂျိုးဖြူစံပြကျေးရွာအုပ်စု ဂျိုးဖြူအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ယခုကျောင်းသားဦးရေ (၇၁၀)ဦးမှ (၈၅၀)ဦးထိ လည်းကောင်း၊ ဘွက်ကုန်းကျေးရွာအုပ်စု သစ်ခေါင်းကြီး အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ) ကျောင်းသားဦးရေ ယခု(၂၈၂)ဦး မှ (၄၅၀) ဦးအထိ တိုးမြှင့်လာသည့်အတွက် အလယ်တန်း ကျောင်း(ခွဲ)များအဆင့်မှ အလယ်တန်းကျောင်း အဆင့်ထိ တိုးမြှင့်ပေးနိုင်မှု အစီအစဉ် ရှိ/မရှိ နှင့် မြို့နယ်အတွင်း အခြေခံပညာမူလတန်းနှင့် မူလတန်းလွန်ကျောင်းများတွင် ကျောင်းသားဦးရေ နှင့် ကျောင်းအဆောက်အဦ မမျှတသည့်အတွက် မဖြစ်မနေတိုးချဲ့ ကျောင်းဆောင်ဆောက်လုပ် ပေးရန် ဦးစားပေးအဆင့်(A) (၁၁)ကျောင်း၊ (B) အဆင့် (၄)ကျောင်း၊ (C)အဆင့်(၁)ကျောင်း၊ (D)အဆင့်(၂)ကျောင်းရှိပြီး၊ အန္တရာယ်သတ်မှတ်ပြီး ဖျက်သိမ်းဆောက်လုပ်ပေးရမည့် ဦးစားပေး အဆင့် (A)အဆင့် (၅)ကျောင်း၊ (B)အဆင့် (၄)ကျောင်း၊ (C) အဆင့် (၂)ကျောင်း၊ (D) အဆင့် (၁)ကျောင်းရှိနေပြီး ၊ ကျောင်းဥပဓိရုပ် မကောင်းမှုကြောင့် ပြင်ဆင်ဆောက်လုပ်ရမည့် အဆင့် ကျောင်းဦးစားပေး (A)အဆင့် (၅)ကျောင်း၊ (B) အဆင့် (၇)ကျောင်း၊ (C) အဆင့် (၆)ကျောင်း၊ (D) အဆင့် (၃)ကျောင်း စုစုပေါင်းကျောင်းပေါင်း(၅၁) ကျောင်းမှာ အောက်ခြေတာဝန်ရှိသူများ ၏ အဆင့်ဆင့်ကွင်းဆင်း စိစစ်ချက်အရ သိရှိရပါသည်။

သို့ပါ၍ အထက်ပါ တင်ပြခဲ့သော အ.လ.က (ခွဲ)မှ အ.လ.က အဆင့် တိုးမြှင့်ထား နိုင်မှု အစီအစဉ် ရှိ/မရှိ နှင့် အ.မ.က ကျောင်းများ ဦးစားပေးအဆင့်သို့ စိစစ်ထားမှုအား အမြန်ဆုံး ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ သိရှိလိုပါကြောင်း ဒေသခံပြည်သူများရဲ့ ကိုယ်စား အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**စေတုတ္တရာမြို့နယ်၊ အုံးဝါးအခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် နှင့် မုန်းတမံကြောင့် ရေမြုပ် မည့် ဧရိယာအဖြစ် တွက်ချက်ပြဋ္ဌာန်းထားသောရွာများအနက် အချို့ရွာများမှာ တမံပြီးသည့်အခါ နစ်မြုပ်ခြင်း မရှိသောကြောင့် သက်ဆိုင်ရာမှ ကွင်းဆင်းလေ့လာ၍ ဒေသခံပြည်သူများ၊ ကျောင်းသူ/ကျောင်းသားများ၏ ပညာရေးဖွံ့ဖြိုးမှု အထောက် အကူပြုပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် က စေတုတ္တရာမြို့နယ်၊ အုံးဝါးအခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် မုန်းတမံကြောင့် ရေမြုပ်မည့် ဧရိယာအဖြစ် တွက်ချက်ပြဋ္ဌာန်းထားသော ရွာများအနက် အချို့ရွာများမှာ တမံပြီးသည့်အခါ နစ်မြုပ်ခြင်း မရှိသောကြောင့် သက်ဆိုင်ရာမှ ကွင်းဆင်းလေ့လာ၍ ဒေသခံပြည်သူများ၊ ကျောင်းသား/ကျောင်းသူများ၏ ပညာရေးဖွံ့ဖြိုးမှု အထောက်အကူပြုပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်က စေတုတ္တရာမြို့နယ်၊ အုံးဝါး အလယ်တန်းကျောင်းကိစ္စများကို အနည်းငယ် မေးမြန်းပါမယ်။ စေတုတ္တရာမြို့နယ်၊ အုံးဝါး အလယ်တန်းကျောင်းဟာ ဆင်းရဲတဲ့ ကျေးရွာ(၁၉)ရွာ ပူးပေါင်းပြီး တည်ဆောက်ထားတဲ့ ဒေသ ဖြစ်ပါတယ်။

အဲဒီဒေသမှာရှိတဲ့ လူမျိုးများဟာ(၈၀)ရာခိုင်နှုန်းဟာ ချင်းလူမျိုးများ ဖြစ်တဲ့အတွက် ကျွန်တော် မေးမြန်းခြင်းလည်း ဖြစ်ပါတယ်။ အဲဒီကျောင်းဟာ ၁၉၈၆ ခုနှစ်က စတင်တည်ထောင် ခဲ့တဲ့ ကျောင်းဖြစ်တဲ့အတွက် ယနေ့တိုင် အထက်တန်းကျောင်း(ခွဲ) မရရှိသေးတဲ့အတွက် ကျောင်းတက်ဖို့အတွက် အခက်အခဲ အလွန်ရှိပါတယ်။ အဲဒီကျောင်း အလယ်တန်းကျောင်းနဲ့ နီးစပ်တဲ့ အထက်တန်းကျောင်း(ခွဲ) အနီးဆုံး တန့်လည်ကျင်းရွာနဲ့ တူးရွာတို့ဟာ အင်မတန်

အလှမ်းကွာဝေးတဲ့ အခက်အခဲရှိတဲ့အတွက်ကြောင့် အောက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

မေးခွန်း ပထမမေးခွန်း စေတုတ္တရာမြို့နယ်၊ အုံးဝါးအခြေခံအလယ်တန်းကျောင်းကို အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ်သို့ တိုးမြှင့်ပေးပါရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။ ဒုတိယမေးခွန်းမှာ မုန်းတမံကြောင့် ရေမြုပ်ဧရိယာအဖြစ် တွက်ချက်ထားတဲ့ရွာအချို့ဟာ မူလသတ်မှတ်ချက် (၁၂)ရွာစလုံးကို ရေမြုပ်ဧရိယာအဖြစ် သတ်မှတ်ပါတယ်။ ဒါပေမယ်လို့ မုန်းတမံကြောင့် ဆည်တမံပြီးမြောက်တဲ့အခါမှာ (၃)ရွာပဲ ရေမြုပ်ဧရိယာထဲဝင်သွား ပါတယ်။ ကျန်တဲ့(၉)ရွာဟာ ရေမြုပ်ဧရိယာထဲမရှိဘူး၊ ဒါပေမယ့်လို့ စီမံချက်အတိုင်း (၁၂)ရွာမှာ ရှိတဲ့ ကျောင်းတွေကို အခြားဒေသသို့ ပြောင်းရွှေ့ထားပြီးဖြစ်တဲ့အတွက် ဒီကျန်တဲ့ရွာ (၉)ရွာ အတွက်ဟာ ယခုအခါ အခက်အခဲအလွန်ရှိ ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီ ကျောင်းဒေသကို ဒုတိယအနေနဲ့ မေးခွန်း မေးခြင်းဖြစ်ပါတယ်။

မုန်းတမံကြောင့် ရေမြုပ်ဧရိယာအဖြစ် တွက်ချက်ပြဋ္ဌာန်းထားသော ရွာများအနက် အချို့ကျေးရွာများ တမံပြီးသည့်အခါ နစ်မြုပ်ခြင်းမရှိသောကြောင့် သက်ဆိုင်ရာမှ ကွင်းဆင်းလေ့လာ၍ ဒေသခံပြည်သူများ၊ ကျောင်းသူ/ကျောင်းသားများ၏ ပညာရေးဖွံ့ဖြိုး တိုးတက်မှု အထောက်အကူပြုရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပန်းတနော်မြို့နယ်၊ ဘုရားချောင်းကျေးရွာအုပ်စု၊ မအူချောင်း ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် နှင့် ပန်းတနော်မြို့နယ်၊ မိမ္မပြေးကျေးရွာအုပ်စု၊ ပြလင်း - မိမ္မပြေး ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးဝင်းသိန်း က ပန်းတနော်မြို့နယ်၊ ဘုရားချောင်းကျေးရွာအုပ်စု၊ မအူချောင်း ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် နှင့် ပန်းတနော်မြို့နယ်၊ မိမ္မပြေးကျေးရွာအုပ်စု၊ ပြလင်း-မိမ္မပြေးကျေးရွာ အခြေခံ

ပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးဝင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)** ။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းခွင့်ရတဲ့ မေးခွန်းတစ်ခုကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ဘုရားချောင်းကျေးရွာအုပ်စု၊ မအူချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုနိုင်မည့် အစီအစဉ် ရှိ/မရှိ ကို သိရှိလိုပါ၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီးပန်းတနော်မြို့နယ်၊ ဘုရားချောင်းကျေးရွာအုပ်စု၊ မအူချောင်းကျေးရွာဟာ ဝါးခယ်မ-ပန်းတနော်-ရန်ကုန် ကားလမ်းမကြီးရဲ့ ဘေးမှာတည်ရှိတဲ့ ရွာကြီးတစ်ရွာဖြစ်ပါတယ်။ ရွာသူ/ရွာသားများအနေနဲ့ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုရှိတဲ့ ရွာတစ်ရွာလည်း ဖြစ်ပါတယ်။ ထိုရွာမှာရှိတဲ့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဟာ ၁၉၉၉ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ တာဖြစ်တဲ့အတွက် သက်တမ်းအားဖြင့် (၁၃)နှစ်ကြာမြင့်ပြီ ဖြစ်ပါတယ်။

ကျောင်းပိုင်မြေဧရိယာမှာ (၃.၈၀)ဧကရှိပြီး ကျောင်းသား အားကစားကွင်း၊ ကျောင်းသားများစုဝေးကွင်းနှင့် ကျောင်းစိုက်ခင်းများရှိပါတယ်။ ပေ၁၂၀xပေ၃၀ကျောင်းဆောင် (၁)ဆောင်နှင့် ပေ ၁၈၀xပေ ၃၀ ကျောင်းဆောင် (၁)ဆောင် စုစုပေါင်းကျောင်းဆောင်(၂)ဆောင် ရှိပါတယ်။ ထိုကျောင်းဆောင်များဟာ ဌာနနှင့်မိဘများ ပူးပေါင်းဆောက်လုပ်ထားသော ကျောင်းဆောင်များလည်း ဖြစ်ပါတယ်။ ကျောင်းဆောင်များနှင့် ကျောင်းပရိဘောဂဟာ လက်ရှိ ကျောင်းသားများရဲ့ အရေအတွက်နဲ့ ပြည့်စုံလုံလောက်မှုရှိ ပါတယ်။

အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) မအူချောင်းရဲ့ ပင်မကျောင်းဖြစ်တဲ့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ကျွန်းကြား)မှာ ရေမိုင်အားဖြင့် (၂၅)မိုင်ခန့်ဝေးကွာပါတယ်။ မိုးရာသီတွင် ကုန်းလမ်းဖြင့် သွားလာ၍ မရပါ။ အနီးကပ်ဆုံးဖြစ်တဲ့ အခြေခံပညာ အထက်တန်း

ကျောင်း(မရမ်း)သည်ပင် (၁၀)မိုင်ခန့်ဝေးကွာပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) မအူချောင်းတွင် အလယ်တန်းပညာသင်ကြားနေသော ကျောင်းသား ဦးရေမှာလည်း ပဉ္စမတန်းမှ အဋ္ဌမတန်းအထိ (၂၀၂) ဦးရှိပါတယ်။ ဒေသခံ ပြည်သူများ၊ အနီး ပတ်ဝန်းကျင် ကျေးရွာမှာရှိတဲ့ မူလတန်းကျောင်းသား/ကျောင်းသူများရဲ့ မိဘများဟာ ပညာရေး ကို အထူးစိတ်ဝင်စားပြီး ပံ့ပိုးကူညီမှုများလည်း ရှိနေပါတယ်။

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) မအူချောင်းအား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုပါရန်နှင့် အဆင့်တိုးမြှင့် ဖွင့်လှစ် ခွင့်ပြုမည့် အစီအစဉ် ရှိ/မရှိကို သိရှိလိုပါ၍ ကျောင်းသားမိဘများ၊ ပြည်သူများရဲ့ ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှ တစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ် ခင်ဗျား။

နောက်မေးခွန်း တစ်ခုကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ မိမ္မပြေးကျေးရွာအုပ်စု၊ ပြလင်း-မိမ္မပြေး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလို၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ မိမ္မပြေးကျေးရွာအုပ်စု၊ ပြလင်း-မိမ္မပြေး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဟာ ၂၀၀၀ခုနှစ်မှာ စတင်ဖွင့်လှစ်ခွင့် ရရှိခဲ့ပါတယ်။ ကျောင်းရဲ့သက်တမ်းဟာ (၁၂) နှစ်ခန့် ကြာမြင့်ပြီ ဖြစ်ပါတယ်။ ပြလင်း - မိမ္မပြေး ကျေးရွာဒေသခံများဟာ ခြံစိုက်ပျိုးခြင်း၊ လယ်ယာစိုက်ပျိုးခြင်း၊ ရေလုပ်ငန်း လုပ်ကိုင်ခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြပါတယ်။ ဖွံ့ဖြိုးတိုးတက်မှု အားကောင်းသော ရွာတစ်ရွာလည်း ဖြစ်ပါတယ်။

ကျောင်းပိုင်မြေမှာ (၃.၀၅)ဧကရှိပါတယ်။ ကျောင်းဝင်းအတွင်း အားကစားကွင်း၊ ကျောင်းစိုက်ခင်း၊ ကျောင်းသားများစုဝေးကွင်း၊ ဝန်ထမ်းအိမ်ရာ၊ နောက် ကျောင်းအိမ်သာတို့ဖြင့် စနစ်တကျတည်ဆောက်ထားတဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ ကျောင်းတွင် (ပေ၉၀xပေ၂၀x၂၂ပေ) ရှိ (၂)ထပ်ကျောင်းဆောင်(၁)ဆောင်၊ (ပေ၁၂၀xပေ၃၀) ရှိ တစ်ထပ် ကျောင်းဆောင်(၂)ဆောင်နှင့် (ပေ၃၀xပေ၉၀) တစ်ထပ် ကျောင်းဆောင်(၁)ဆောင် စုစုပေါင်း ကျောင်းဆောင်(၄) ဆောင် ရှိပါတယ်။(ပေ ၆၀xပေ၃၀) ရှိသော စာကြည့်တိုက်တစ်ဆောင်လည်း ရှိပါတယ်။

သို့ဖြစ်ပါ၍ လက်ရှိကျောင်းသားအရေအတွက်နှင့် ကျောင်းဆောင်များ၊ ကျောင်းပရိဘောဂများဟာ လုံလောက်မှုရှိပါတယ်။ ကျောင်းတွင် နဝမတန်းကျောင်းသား ဦးရေ (၁၁၁)ဦးနှင့် ဒသမတန်းကျောင်းသား ဦးရေ(၁၄၅)ဦး ရှိပါတယ်။ ဒါကြောင့်မို့လို့ အထက်တန်းပညာသင် ကျောင်းသားဦးရေ(၂၅၆)ဦးရှိပါတယ်။ ပင်မကျောင်းဖြစ်တဲ့ အခြေခံပညာ အထက်တန်းကျောင်း ပန်းတနော်နှင့် (၉)မိုင်ခန့်ဝေးကွာပါတယ်။ မိုးရာသီမှာ သွားလာရေးခက်ခဲပြီး ပြုလင်းချောင်းနှင့် ဂုံမင်းချောင်း(၂)ခုကို ဖြတ်သန်းပြီးမှ ပန်းတနော်မြို့သို့ ရောက်ရှိမှာ ဖြစ်ပါတယ်။

ပြုလင်း-မိမ္မပြေးကျေးရွာအုပ်စုရဲ့ အနီးပတ်ဝန်းကျင် ကျေးရွာအုပ်စုများတွင်လည်း အခြေခံပညာအထက်တန်းကျောင်း တစ်ကျောင်းမျှမရှိသေးပါ။ ဒေသခံ မိဘပြည်သူများနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှာရှိတဲ့ မူလတန်း၊ အလယ်တန်းကျောင်းသား မိဘများမှာ ပညာရေးကို အထူးစိတ်ဝင်စားကြပြီး၊ ပံ့ပိုးကူညီမှုများလည်း ရှိကြပါတယ်။ ပြုလင်း-မိမ္မပြေး ကျေးရွာဟာ ရိုးသားတဲ့ ကရင်တိုင်းရင်းသူများ/ကရင်တိုင်းရင်းသားများ အများစုနေ ထိုင်ရာ ရွာတစ်ရွာလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ပြုလင်း-မိမ္မပြေးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုပေးပါရန်နှင့် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုမည့် အစီအစဉ် ရှိ/မရှိ ကို ဒေသခံမိဘပြည်သူများရဲ့ကိုယ်စား အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင် ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ဇကေနိကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်စိန် က တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ဇကေနိကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)** ။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေလို့ ဆုတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ရေဖြူမြို့နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ဇကနိကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မေးမြန်းချက်ကို စာဖြင့်ဖတ်ကြားခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ဇကနိကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းကို ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှစ၍ တိုးမြှင့်ဖွင့်လှစ်သင်ကြားခဲ့သည်မှာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အထိ (၁၁)နှစ် ရှိပြီ ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းသားဦးရေမှာ (၃၃၉)ရှိပြီး အလယ်တန်း အဆင့်ကျောင်းသား/ကျောင်းသူ ဦးရေမှာစ (၁၇၄)ဦး ရှိပါတယ်။ ကျေးရွာရှိ ကလေးများသည် သတ္တမတန်းပြီးဆုံးအောင်မြင်အောင် သင်ယူနိုင်သော်လည်းပဲ အဋ္ဌမတန်းပညာအဆင့်ကို ဆက်လက်သင်ယူနိုင်ရေးအတွက် ကုန်းလမ်းခရီး(၆)မိုင်ခန့် ဝေးကွာသော ပင်မအထက်တန်းကျောင်း(ခွဲ) လဲရှောင်သို့ သွားရောက်ကြရပါတယ်။

ဇကနိကျေးရွာသည် ရေဖြူမြို့နယ်၏ ပင်မကျေးရွာအုပ်စု ကျေးရွာဖြစ်ပါတယ်။ ဇကနိကျေးရွာမူလွန်ကျောင်းသည် ပတ်ဝန်းကျင်ကျေးရွာများဖြစ်ကြတဲ့ ဝဇွန်းတောကျေးရွာ၊ ရငဲကျေးရွာ၊ကုန်းသာရွာ၊အင်းရွာ၊ ခမောင်းချောင်းကျေးရွာနှင့် ကညင်အင်းချောင်းကျေးရွာများမှ ကျောင်းသူ/ကျောင်းသားများ လာရောက်၍ အလယ်တန်းအဆင့် ပညာသင်ကြားနေသည့် ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ ကျေးရွာများတွင် အိမ်ခြေ (၇၅၁)အိမ်နှင့် လူဦးရေ(၄၅၂၂) ဦးနေထိုင်လျက်ရှိပါတယ်။

ဇကနိကျေးရွာ မူလတန်းလွန်ကျောင်းရဲ့ မြေအကျယ်အဝန်းမှာ(၁.၀၈)ဧက၊ ကျောင်းအဆောက်အဦမှာ (၉၀ပေx၃၀ပေx၂၀ပေ) ဖြစ်ပြီး စာသင်ခန်း (၂၀ပေx၂၄ပေ) (၈)ခန်း၊

သွပ်မိုး၊ အုတ်ညှပ်အကာ၊ ကွန်ကရစ်အခင်း(၂)ထပ်၊ (၂)ခန်းတွဲ အိမ်သာ (၄)လုံး ၊ ရေတွင်းရှိ ပါတယ်။ အဆိုပါကျောင်း အဆောက်အဦကို ကျေးရွာရှိ မိဘပြည်သူများနှင့် ပညာရေးဌာနတို့ စုပေါင်း၍ ဆောက်လုပ်ထားပြီး ဖြစ်ပါတယ်။ ဧကနိကျေးရွာတွင် အလယ်တန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ရပါက ကျောင်းအကျိုးတော်ဆောင်အဖွဲ့အနေဖြင့် ကျောင်းအဆောက်အဦ၊ စာသင်ခန်း၊ ပရိဘောဂနှင့် လိုအပ်တဲ့ ရန်ပုံငွေများကို လုံလောက်အောင် ကူညီဆောင်ရွက် ပေးသွားမည် ဖြစ်ကြောင်း ဝန်ခံကတိပြုထား ပါတယ်။

ဧကနိကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းကို အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ၂၃-၆-၂၀၁၁ ရက်စွဲဖြင့် တင်ပြသည့် အမှုတွဲကို တနင်္သာရီတိုင်းဒေသကြီး၊ ပညာရေးမှူးရုံး၊ ထားဝယ်မြို့သို့ တင်ပြထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဧကနိကျေးရွာ မူလတန်းလွန်ကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ တစ်နှစ်ထက်တစ်နှစ် များပြားလာခြင်း၊ (၆)မိုင်ခန့်ဝေးသော လဲရှောင်း အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)သို့ ပညာသင်သွားရသည့် ကုန်းလမ်းမှာ မိုးရာသီတွင် သွားလာရန် အခက်အခဲရှိခြင်း၊ ကျေးရွာပြည်သူများမှာ တောင်သူလယ်သမားများဖြစ်ကြ၍ သားသမီးများ ပညာသင်ကြားရန် ငွေကြေးမတတ်နိုင်သဖြင့် ပညာသင်ကြားခွင့်မရ ကြုံနေရခြင်း၊ အခြေခံပညာ အလယ်တန်းကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းအဆောက်အဦ လုံလောက်မှုရှိခြင်း နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှလည်း ကျောင်း လိုအပ်ချက်များကို လုံလောက်အောင် ကူညီဆောင်ရွက်ပေးမည်ဟု ကတိပြုထားပြီးဖြစ်ပါသဖြင့် ကျောင်းသားမိဘများမှာ စိတ်အား ထက်သန်စွာ သိရှိလိုကြပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ် ပါတယ်ခင်ဗျား။ (က) ဧကနိကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအား အခြေခံပညာ အလယ်တန်း ကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ၊ (ခ) ရှိပါက မည်သည့် အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း မေးမြန်းအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဦးအေးကြူ (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံးကို ရိုသေလေးစားပါကြောင်း ဦးစွာ တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မေးမြန်းတဲ့ မေးခွန်းများနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စု ပညာရေးဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီးမှ ပြန်လည်တင်ပြဖြေကြားမှာ ဖြစ်ပါတယ်။

တိုက်ကြီးမြို့နယ်၊ ဆောက်ဝိုင်းကြီးကျေးရွာ အခြေခံ ပညာအလယ်တန်းကျောင်း(ခွဲ) မှာ အလယ်တန်းဆင့်ကျောင်းသား (၁၄၉)ဦး၊ ဘွက်ကုန်းကျေးရွာ အုပ်စု၊ သစ်ခေါင်းကြီး အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှာ အလယ်တန်းဆင့် ကျောင်းသား (၁၂၃)ဦးသာရှိကြောင်း စိစစ်တွေ့ရှိရတယ်။ ဒါကြောင့် လောလောဆယ်တွင် အခြေခံပညာ အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

ဂျိုးဖြူစံပြကျေးရွာအုပ်စု၊ ဂျိုးဖြူအခြေခံပညာ အလယ်တန်းကျောင်းခွဲအား ၅-၁၀-၂၀၁၂ ရက်နေ့မှာ အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုပြီးပါကြောင်း တင်ပြအပ်ပါတယ်။ တိုက်ကြီးမြို့နယ်အတွင်း (A)အဆင့် တင်ပြထားသည့် ကျောင်းသားဦးရေအရ တိုးချဲ့ကျောင်းဆောင် ဆောက်လုပ်ပေးရန် (၁၁)ကျောင်း၊ အန္တရာယ်ရှိအဆောက်အဦသတ်မှတ်ပြီး ဖျက်သိမ်းဆောက်လုပ်ရမည့် (၅)ကျောင်း၊ ဥပမိရုပ် မကောင်းမှုကြောင့် အသစ်ဆောက်လုပ်ရမည့် (၆)ကျောင်း၊ သိပ်ပွဲခန်း (၂)ကျောင်းတို့အား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ တစ်မြို့နယ်ပျမ်းမျှ ကျောင်းအသစ် (၅)ကျောင်း၊ ပြင်ဆင်(၁၀)ကျောင်း လျာထားပြီးတော့ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒီမှာလည်း ကျွန်တော်တို့ ဘဏ္ဍာရေးနှစ် (၃)နှစ်အတွင်း အဆောက်အဦများ အသစ်ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်းနဲ့ပတ်သက်ပြီး ဆောင်ရွက်ထားမှု အခြေအနေကို Slide ထိုးပြီး အကျဉ်းတင်ပြခွင့် ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သစ်ခေါင်းကြီးကျေးရွာ ကျန်သေးတယ်။

**ဦးအေးကြူ (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သစ်ခေါင်းကြီးကျေးရွာ ကလည်း ကျောင်းသားနည်းသေးလို့မရသေးပါ။ ဂျိုးဖြူတော့ပေးလိုက်ပါတယ်။ လောလောဆယ် ကနေ့အထိ အခြေခံပညာ ထက်၊ လယ်၊ မူ ကျောင်းပေါင်း (၄၂၃၇၆) ကျောင်း ဖွင့်လှစ်ပြီးတော့ အဆောက်အဦ စုစုပေါင်းဟာ (၁၂၀၀၀၀)ကျော် ရှိပါတယ်ခင်ဗျား။ အသစ် တည်ဆောက်ရမယ့် အဆောက်အဦ အဆောင်ပေါင်းက (၂၅၀၀၀)ကျော်ရှိပါတယ်။ လာမယ့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ အဆောက်အဦအသစ် (၂၃၆၃)ကျောင်းအသစ် တည်ဆောက်ဖို့ အတွက် လျာထားခြင်းဖြစ်ပါတယ်။ အဲဒီတော့ ပြည်ထောင်စုတစ်ဝန်းလုံး မြို့နယ်အလိုက် ပျမ်းမျှ လွှမ်းခြုံအောင် ကျွန်တော်တို့ လျာထား တင်ပြဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဇယားမှာ ကျွန်တော်တို့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၊ ၂၀၁၂-၂၀၁၃၊ ၂၀၁၃-၂၀၁၄ (၃)နှစ်အတွက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်မယ့်အစီအစဉ်များကို အရေအတွက်ကို ဘတ်ဂျက်နဲ့တကွ လွှတ်တော် ကိုယ်စားလှယ်ကြီးများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ အဆောက်အဦအသစ် ဆောက်လုပ်တဲ့ ခေါင်းစဉ်ပိုင်းနဲ့ ယေဘုယျ ကျွန်တော်တို့ ခေါင်းစဉ်(၈)မျိုး ရှိပါတယ်ခင်ဗျား။ (၁)ကတော့ သဘာဝဘေး ရေကြီး၊ ငလျင်၊ မီးလောင်စသည်အားဖြင့်၊ ဒုတိယကတော့ အဆောက်အဦဆောက်လုပ်တဲ့ ကာလကြာညောင်းတဲ့ အတွက် အန္တရာယ်ရှိနိုင်တဲ့ အဆောက်အဦပါ။ အဲဒါ ဒုတိယအမျိုးအစားပါ။ တတိယအမျိုးအစား ကတော့ ကျွန်တော်တို့ မူလကတည်းကိုက မပြည့်စုံတဲ့အတွက် ဥပဓိရုပ်မကောင်းတဲ့ အများ ပြောတဲ့ နွားတင်းကုပ်သာသာ ကျောင်းလေးများကို တတိယရှိပါတယ်။ နောက်တစ်ခုကတော့ ကျောင်းသားစာသင်ခန်း အချိုး မမျှတတဲ့ ကျောင်းပါ။ နောက် အသစ်ဆောက်တာကတော့ သိပ္ပံဆောင်၊ အထက်တန်းကျောင်းများ ဖြစ်ပါတယ်။ နောက်တစ်မျိုးကတော့ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ တင်ပြတဲ့ကျောင်းများကို စိစစ်ပြီးတော့ ကျွန်တော်တို့ လျာထားခြင်း ဖြစ်ပါတယ်။ နောက် မြို့နယ်ရုံး၊ ခရိုင်ရုံးများ အသစ် တည်ဆောက်ပေးခြင်း ဖြစ်ပါတယ်။ အခြား တည်ဆောက်ရေးလုပ်ငန်း နံပါတ်(၈) ရှိပါတယ်။ အခြားတည်ဆောက်ရေးလုပ်ငန်းများကတော့ သာသနာ့မြေမှထွက်တာ၊လူကြီးလမ်းညွှန်ချက်၊ဆည်စီမံကိန်း၊ လေယာဉ်ကွင်းစီမံကိန်း မလွတ်လို့ ဖျက်သိမ်းတာ၊ ခန်းမ၊ ဝန်ထမ်းအိမ်ရာ စသည်အားဖြင့် ဖြစ်ပါတယ်။ အားလုံး ၂၀၁၁-၂၀၁၂ မှာ ငွေလုံးငွေရင်းနဲ့ စုစုပေါင်းဆောက်တဲ့ကျောင်းဟာ (၁၀၆၈)ကျောင်း ရှိပါတယ်။ (၂၅)ဘီလီယံ

ခန့် သုံးစွဲခဲ့ပါတယ်။ မြို့နယ်ပေါင်းက (၃၃၀)နဲ့ မြို့နယ်ခွဲ ကနေ့အနေအထား (၈၄) ရှိပါတယ်။ (၄၁၄)မြို့နယ် အားလုံး လွှမ်းခြုံဖို့အတွက် တစ်မြို့နယ်ကို ကျွန်တော် (၂)လုံး (၁)ဆောင် သို့မဟုတ် (၃)ဆောင် ပျမ်းမျှ ဒီလောက်ပဲ ဆောက်နိုင်ပါတယ်။ ၂၀၁၂ လက်ရှိ ၂၀၁၃ ဘဏ္ဍာရေးနှစ်မှာတော့ (၁၄၇၈)လုံး အသစ်ဆောက်နိုင်ပါတယ်။ (၄၆.၉)ဘီလီယံ သုံးစွဲဖို့ လျာပါတယ်။ လာမယ့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာတော့ ဘီလီယံ (၉၀)ခန့် လျာပြီးတော့ (၂၃၆၃)လုံးအသစ်ဆောက်ဖို့ လျာထားပါတယ်။ အမှတ်စဥ်(၉)မှာ တင်ပြထားတာကတော့ ကျောင်းများ မွမ်းမံပြင်ဆင်ရန် O4 O2 နဲ့ လျာထားချက် ဖြစ်ပါတယ်။ ၁၁-၁၂ မှာ တော့ ကျွန်တော်တို့ (၁၉၀၀)အလုံး ပြင်ဆင်မွမ်းမံနိုင်ပါတယ်။ ၂၀၁၂-၂၀၁၃ မှာတော့ (၂၅၆၈)လုံး ပြင်ဆင် မွမ်းမံနိုင်ပါတယ်။ လာမယ့် ၂၀၁၃-၂၀၁၄ မှာတော့ (၅၂၉၃)လုံး စုစုပေါင်း (၆၄)ဘီလီယံ ကျော်ခန့် လျာထားဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ အဲဒီတော့ တစ်မြို့နယ်တည်းမှာ ရှိနေတဲ့ အဆောက်အဦက ပျမ်းမျှက (၄၀)လောက် အသစ်တည်ဆောက်ရမှာ ဖြစ်တဲ့အတွက် တစ်မြို့နယ် ချင်းကို ကျွန်တော်တို့ အကုန်လုံး(၄၀)လုံး လက်ရှိအနေအထားအရ မဆောင်ရွက်နိုင်တဲ့အတွက် အားလုံးမျှပြီးတော့မှ အနည်းဆုံး အသစ်(၅)လုံး၊ ပြင်ဆင်ခြင်း (၁၀)လုံးဖြစ်အောင် လျာထား ဆောင်ရွက်လျက်ရှိပါကြောင်း ဗယားနဲ့တကွ ကျွန်တော် ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ အုံးဝါးအလယ်တန်းကျောင်းကို အထက်တန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ပေးရန် အစီအစဥ် ရှိ/မရှိ နဲ့ပတ်သက်ပြီး စိစစ်တဲ့အခါမှာ အဆိုပါကျောင်းမှာ အလယ်တန်းကျောင်းသား (၆၉)ဦးသာရှိကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဥ်မရှိသေးပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး မုန်းတမံကြောင့် ရေမြုပ်ဧရိယာဖြစ်သွားမယ့် ရွာများနဲ့ပတ်သက်ပြီး ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ မုန်းတမံကြောင့် ရေမြုပ်မည့် ဧရိယာအဖြစ် တွက်ချက် ပြဋ္ဌာန်းထားတဲ့ ရွာများမှာ တမံပြီးသည့်အခါ နစ်မြုပ်ခြင်း မရှိသောကြောင့် ကျေးရွာများရဲ့ အခြေအနေနဲ့ အခြေခံမူလတန်းကျောင်းများရဲ့ တည်ရှိနေမှု အခြေအနေများကို သိရှိနိုင်ရန် အတွက် အမှတ်(၂)အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ ကျေးရွာ(၉)ရွာလုံးဟာ မူလရွာအတိုင်း မပြောင်းရွှေ့ရဘဲ ရွှေ့လျားကျောင်းများအဖြစ် ဖွင့်လှစ်

လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့ပါ၍ ရွှေ့လျားကျောင်းများအား လာမယ့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ရန် စီစဥ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ဘုရားချောင်းကျေးရွာအုပ်စု၊ မအူချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အလယ်တန်း ကျောင်းအဖြစ် တိုးမြှင့်ရေးကိစ္စနှင့် ပတ်သက်ပြီး တင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ စာရင်းဇယားကတော့ အလယ်တန်းအဆင့်ကျောင်းသား (၁၀၈)ဦးသာရှိကြောင်း တွေ့ရှိရတဲ့ အတွက် လောလောဆယ် အဆင့်တိုးမြှင့်ပေးရန် အစီအစဥ် မရှိသေးပါကြောင်း တင်ပြအပ် ပါတယ်။ ပန်းတနော်မြို့နယ်နဲ့ ပတ်သက်ပြီးတော့ ကျောင်းအဆင့်တိုးတာတွေ ကျွန်တော်တို့ လျာထားချက်က အခြေခံပညာအထက်တန်းကျောင်းအဖြစ် (၁)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် (၁)ကျောင်းနှင့် အခြေခံမူလတန်းကျောင်း ပတ်ကား(၁၄) ကျောင်းကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် လျာထား ဆောင်ရွက် ထားပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး ပန်းတနော်မြို့နယ်၊ မိမ္မပြေးကျေးရွာအုပ်စု၊ ပြလင်း-မိမ္မပြေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အထက်တန်းကျောင်းအဖြစ် ၉-၉-၂၀၁၂ ရက်နေ့တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုပြီးပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး ရေဖြူမြို့နယ်၊ ဧကနိအခြေခံပညာမူလတန်းကျောင်းအား၅-၁၀-၂၀၁၂ နေ့မှာ အလယ်တန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုပြီး ဖြစ်ပါကြောင်း တင်ပြအပ် ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့လာသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၆)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ (က) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးစိုးမောင် (ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၂)။** ။ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဆင့် ပုဂ္ဂိုလ်များရဲ့ ချီးမြှင့်ငွေ၊ စရိတ် နဲ့ အဆောင်အယောင်များကို အဆောင်အယောင်များ ဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးနိုင်ရန် အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ ဆုံးဖြတ်ချက် အမှတ် ၂/၂၀၁၁ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးရေးရာများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားတဲ့ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများနဲ့

အဆင့်အတန်းတူညီတဲ့အလျောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များရဲ့ ချီးမြှင့်ငွေ၊ စရိတ်နဲ့ အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၅ နှင့် ပုဒ်မ ၁၇ တို့မှာ ပြဋ္ဌာန်းချက်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ဆန့်ကျင်လျက်ရှိကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးက အဆုံးအဖြတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များရဲ့ ချီးမြှင့်ငွေ၊ စရိတ် နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပါ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများရဲ့ ဝန်ကြီးများနဲ့စပ်လျဉ်းတဲ့ ချီးမြှင့်ငွေ၊ စရိတ် နဲ့ အဆောင်အယောင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးအဆင့်အတန်းနဲ့ လျော်ညီစွာ ပြင်ဆင်ထားတဲ့ ဥပဒေကို ပြဋ္ဌာန်းရန်လိုအပ်လာပါတယ်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များရဲ့ ချီးမြှင့်ငွေ၊ စရိတ် နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်ထားတဲ့ဥပဒေမူကြမ်းအား ၁၉-၉-၂၀၁၂ ရက်နေ့မှာ လွှတ်တော်ရုံးသို့ကျွန်တော်တို့ ပို့ခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ကျွန်တော်မှတင်သွင်းတဲ့ဥပဒေမူကြမ်းကို လက်ခံဆွေးနွေး ပေးပါရန် အမျိုးသားလွှတ်တော်သို့တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် က ပြည်ထောင်စု အစိုးရအဖွဲ့ကိုယ်စား ဤလွှတ်တော်သို့ တင်သွင်းလာသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ် နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းအား ဤလွှတ်တော်မှလက်ခံဆွေးနွေးစဉ်းစားပေးနိုင်ပါရန် ထောက်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အချိန်ကို ငဲ့ညှာတဲ့ အနေနဲ့ ပြည်ထောင်စုဝန်ကြီး က ယနေ့ ဖတ်ကြားတင်သွင်းခြင်း မပြုဘဲ ဥပဒေကြမ်းကို ဆွေးနွေးမယ့်နေ့မှာ အသေးစိတ် ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း အား ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး စဉ်းစားရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၃၆ ။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၄-၁၀-၂၀၁၂ (ဗုဒ္ဓဟူးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

တင်သွင်းထားတဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးရန်နေ့ရက်ကို သီးခြားသတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဒုတိယနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် တတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**အချိန်၊ ၁၀း၃၆ ။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် (တနင်္လာနေ့) နေ့လယ် ၁း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ဒုတိယနေ့ အစည်းအဝေးကို ၁၀း၃၆ နာရီအချိန်တွင် ရပ်နားပါသည်။]

ယခု နံနက်ပိုင်း အစည်းအဝေး အစီအစဉ် ခေတ္တရပ်နားပါမယ်။ ၁၂း၃၅ မိနစ်အချိန်မှာ ပြန်လည်စတင်ကျင်းပ မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၃၅ နာရီတွင် ခေတ္တရပ်နားပြီး ၁၂း၃၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၂း၃၅။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။